

सृष्टि


အစအဦးဆုံးသော ကာလ၌ အချိန်
ဆိုတဲ့အရာကိုပင် မဖန်ဆင်းမှီ ဘုရား
သခင်တည်ရှိတော်မူသည် ။
ထိုဘုရားသခင်သည်
သုံးပါးတစ်ဆူ
ထာဝရ ဘုရားဖြစ်တော်
တော်မူသည် ။
ဘုရားသခင်သည်တစ်ဦးတည်းအထီးထီးမနေ ကို
ယ်တိုင်တက်ကြွလန်းဆန်းလျက် ချစ်ချင်းမေတ္တာန
င့် ပြည့်စုံတော်မူသည်
ထိုဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်
ဆင်းတော်မူသောဘုရားဖြစ်သည်။

ကမ္ဘာဦးကျမ်း ၁ း ၁ -၂



ဘုရားသခင်က , "အလင်းဖြစ်စေ” ဟု ဆိုသည့်အတိုင်း အလင်းဖြစ်လေ၏ ။
ထိုအလင်းကောင်းသည်ကိုဘုရားသခင်မြင်တော်မူ၏ ၊ ထိုနောက် ဘုရားသခင်သည် အလင်းနှင့်အမှောင်ကို ပိုင်းခြား ခွဲထားတော်မူသည် ။
အလင်းကို “နေ “ ဟူ၍ ၎င်း အမှောင်ကို “ည “ ဟူ၍ ၎င်း ခေါ်ဝေါ်သမုတ်တော်မူ၍၊ ညဦးနှင့် နံနက်သည် ပထမ နေ့ ရက်ဖြစ်လေ၏ ။
ဘုရားသခင်က “ရေနှင့်ရေချင်းခြားနားစေ မိုးမျက်နာကြက်ဖြစ်စေ” ဟု မိန့် မွတ်တော်မူ ၏။
ထိုနောက်ဘုရားသခင်သည်မိုးမျက်နာကြက်ကိုလုပ်၍ အထက် အရပ်၌ ရှိသောရေ နှင့်အောက်အရပ်၌ရှိသောရေကို ပိုင်းခြားတော်မူ၏ ၊ မိုးမျက်နာကြက်ကို ကောင်းကင်ဟူ၍ ခေါ်ဝေါ်သမုတ်တော်မူ၏ ။


ထို ည ဦးနှင့် နံနက်သည်
ဒုတိယ နေ့ ဖြစ်လေ၏
ကမ္ဘာဦးကျမ်း ၁း ၃- ၈



ထို့နောက် ဘုရားသခင်က " ကောင်းကင်အောက်ရေတို့ သည်  စုဝေးကြစေ ၊ ကုန်းပေါ်စေဟု မိန့်တော်မူ၏  ။
မိန့်တော်မူသည့်အတိုင်းဖြစ်လေ၏ ခြောက်သွေ့သောအရပ်ကို "ကုန်းမြေ" ဟူ၍၎င်း၊ ရေစုဝေးရာအရပ်ကို"ပင်လယ်"ဟူ၍ ၎င်း ခေါ်ဝေါ်သမုတ်တော်မူ၏ ။
ထိုအမှုအရာ ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။.
ထို့နောက်ဘုရားသခင်က ။မြေကြီးသည် အသီးအရွက်များပါသောအပင်များ မျိုးစေ့ပါသောအပင်များ အမျိုးမျိုးတို့ကိုဖြစ်စေ ဟု မိန့်တော်မူသည့်အတိုင်းဖြစ်လေ၏ ။


မြေကြီးသည် အသီးအနှံကိုပေးလေ၏ ။အပင်များတို့ သည် အမျိုးအလိုက် မျိုးစေ့ပါသောအသီးတို့ ကိုငှင်း သီးလေ၏။
ထိုအမှု အရာ ကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။
ထို ည ဦးနှင့်နံနက်သည် တတိယနေ့ ရက် ဖြစ်လေ၏ ။
ကမ္ဘာဦးကျမ်း ၁း ၉-၁၃


ဖန်ဆင်းခြင်းရက်သတ္တပါတ် ၄ ရက်မြောက်နေ့တွင် နေ၊ လ၊ ကြယ်များနှင့်၊ စကြာဝဠာကြီးကို ဖန်ဆင်းတော်မူ ၏ ။
ထိုအခါ ဘုရားသခင်က "နေ့" နှင့် "ည" ကိုပိုင်းခြားစေဖို့ ကောင်းကင်မျက်နာကြက်ပေါ်၌အလင်းဖြစ်စေ ရာသီဥတု" နှစ်" ရက်တို့ နှင့် "နေ့" နှင့် "ည" တို့ကိုသင်္ကေတအားဖြင့် ပိုင်းခြားစေ ၊ ကောင်းကင်မျက်နာကြက်၌ မြေကြီးကိုလင်းစရာဖို့ အလင်းဖြစ်စေ ဟု မိန့်တော်မူ၏။
မိန့်တော်မူသည့်အတိုင်းဖြစ်လေ၏။. ဘုရားသခင်သည် အလင်းအိမ်ကြီး နှစ်လုံးတို့ ကို ဖန်ဆင်းတော်မူ၏။ နေ့ ကိုအုပ်စိုးသောအကြီးတလုံးနှင့် ညကိုအုပ်စိုးသော အငယ်တလုံး အပြင် ကြယ်တို့ ကိုလည်းဖန်ဆင်းတော်မူ၏ ။


ကမ္ဘာမြေကြီးကို အလင်း ပေးစေခြင်းငှါ ထိုအရာတို့ကို ကောင်းကင်မျက်နှာကြက်၌ ထားတော်မူ၏ ။ နေ့နှင့်ညကိုအုပ်စိုးစေခြင်းငှါ ၊အလင်းနှင့် မှောင်မိုက်ကို ပိုင်းခြားထားတော်မူ၏။,
ထို အမှု့ အရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏ ။
ထို ညဦးနှင့် နံနက်သည် စတုတ္ထနေ့ ရက်ဖြစ်လေ ၏ ။
ကမ္ဘာဦးကျမ်း ၁ း၁၄ -၁၉



ဖန်ဆင်းခြင်းရက်သတ္တပါတ် ၅ ရက်မြောက်နေ့ တွင် ဘုရားသခင်သည် ပလ်ယ်ကို အသက်ရှင်သောသတ္တဝါများနှင့် ဖြည့်လေ၏။
ထို့ နောက်ဘုရားသခင်က , " ရေသည် ပလ်ယ်ငါးတိုကိုငှင်း မိုးကောင်းကင်မျက်နာကြက်ပေါ်မှာပျံတတ်သော ငှတ်တို့ ကိုငှင်း မွေးဖွားစေ ဟု မိန့် တော်မူ၏ ။
ထိုသို့ ဘုရားသခင်သည် တိရစ္ဆာန်အမျိုးအလိုက် ရေအားဖြင့်မွေးဖွာစေပြီး ငှက်တို့ ကိုလည်းအမျိုးအလိုက် မွေးဖွားစေလျက် ကောင်းကင်မျက်နာကြက်ပေါ်မှာပျံစေတော်မူ၏ ။


ထိုအမှု အရာကောင်းသည်ကိုဘုရား
သခင် မြင်တော်မူ၏ ။
ဘုရားသခင်သည် သူတို့ ကိုကောင်းကြီးပေး၍
များပြားစွာမွေးဖွားကြလော့ ပင်လယ်ရေများကိုပြ
ည့်စေကြလော့ ငှက်တို့ ကိုလည်း မြေပေါ်မှာများပြ
ဟားစေကြလော့ ဟု မိန့် ဆိုတော်မူ၏ ။
ထိုနေ့ ညဦးနှင့်နံနက်သည် ပဥ္စမနေ့
ရက်ဖြစ်လေ၏ ။
ကမ္ဘာဦးကျမ်း ၁ း ၂၀ -၂၃


ဖန်ဆင်းခြင်းအပါတ်၏ ၆ ရက်မြောက်သောနေ့
တွင် ဘုရားသခင်သည်
ကုန်းမြေနေ သတ္တဝါတို့ ကိုဖန်ဆင်းတော်မူသည်။
ထိုအခါ ဘုရားသခင်က ‶ မြေကြီးသည် သက်ရှိသတ္တ
ဝါ တွားသွားသော သတ္တဝါများနှင့် သားယဉ်သားရဲ အခေ
ပါင်းတို့ ကို အမျိုးအနွယ်အလိုက် မွေးဖွားစေဟု မိန့် ေ
တာ်မူ၏ ။″



မိန့်တော်မူသည့်
အတိုင်းဖြစ်လေ၏ ။
ထိုသို့ ဘုရားသခင်သည် အမျိုးအနွယ်အလိုက် သားရဲတို့ ကိုငှင်း ဖန်ဆင်းေ
တာ်မူ၏ ။ သားယဉ်တို့ ကို ငှင်း တွားတတ်သော သတ္တဝါအပေါင်းတို့ ကိုငှင်း
အသက်ရှင်၍ လုပ်ရှားတတ်သောသတ္တဝါအပေါင်းတို့ ကို အမျိုးအနွယ်
အလိုက်ဖန်ဆင်းတော်မူ၏ ။
ထိုအရာကောင်းသည်ကို ဘုရားသခင်မြင်ေ
တာ်မူ ၏ ။
ကမ်ဘာဦး 1: 24-25


၆ ရက်မြောက်သောနေ့ တွင် ,  ဘုရားသခင်သည် မြေ
မှုန့် ဖြင့်သတ္တဝါသစ်ကို ဖန်ဆင်းတော်မူ၏ ။
ဘုရားသခင်သည် ထို ရွှံ့ မြေကိုမိမိပုံသဏ္ဍာန်နှင့်အညီပြုလုပ်ပြီးလျှင်
နှာခေါင်းထဲ သို့ ဇီဝ အသက်ကို မှုတ်တော်မူလျှင် အသက်ရှင်သော
သတ္တဝါဖြစ်လေ၏။ ထိုသူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်
၍ တရှိုက်စာနံတကာတို့ ထက်မြတ်တော်မူ၏ ။
ဘုရားသခင်သည် ထိုအသစ်သောသတ္တ
ဝါကို "လူ "ဟုခေါ် ၍ သူ့ နာမည်ကို
" အာဒံ " ဟု မှဲ့ ခေါ်တော်မူ၏ ။
ဘုရားသခင်သည် ဖန်ဆင်း
သမျှသောအရာအားလုံးတို့
ကို ကြည့်ရှု ၍
အလွန်ကောင်းသည်ဟု မိန်
တော်မူ၏ ။



ဘုရားသခင်သည် အရှေ့အရပ်တွင် ဧ
ဒင်ဥယျာဉ်ကို စိုက်ပျိုးတော်မူ ၍၊
. မိမိပုံသဏ္ဍာန်နှင့် အညီဖန်ဆင်းသော
လူကို ထိုဥယျာဉ်ထဲ တွင်နေရာချထားေ
တာ်မူ၏ ။
ဥယျာဉ် ၌ရှိသောအပင်၏ အသီးတို့ သည် စားဖွ
ယ်ကောင်း ၍ နှစ်သက်ဖွယ်ဖြစ်ကြ၏ ။
ဥယျာဉ်ကိုစိုစေခြင်းငှါ မြ
စ်ရေကိုဥယျာဉ်မှစီးထွက်ေ
စတော်မူ၏
ထိုသို့ ဘုရားသခင်ဖန်ဆင်းတော်မူ၍
လူသည်ဥယျာဉ်တော်ကို စောင့်ရှော
က်စေခြင်းငှါ ခန့် ထားတော်မူ ၏ ။


ဥယာဉ်အလည် ၌ အပင် နှစ် ပင်ရှိလေ၏
တစ်ပင်သည် ထာဝရ အသက်ကိုပေး ၏ ။.
အခြားတစ်ပင်က အကောင်းအဆိုး ပိုင်းခြားတတ်ေ
သာဉာဏ်ကို ဖြစ်စေ၏ ။
ဘုရားသခင်သည် လူကို ဥယာဉ်ထဲ ရှိေ
သာအပင်တို့မှ အသီးတို့ကို စားစေ လျှ
က် စောင့်ရှောက်ဖို့ မှာထားတော်မူ ၏ ။.


ကောင်းမကောင်းသိကျွမ်းရာ
အပင်၏ အသီးကိုကား မစားရ
စာသောနေ့တွင်ဧကန်အမှန်သေရ
မည်ဟု မှာထားတော်မူ၏ ။.
ကမ္ဘာဦးကျမ်း ၂ း ၉ ၊ ၁၅ -၁၇




ကမ္ဘာဦးကျမ်း ၂ း ၁၉ -၂၀


လူ အာဒံသည် နေ့ စဉ် ဘုရား
သခင်နှင့်စကားပြောရသော
အခွင့်ရလျက် ဘုရားသခင်နှင့်
ရင်းနှီးကျွမ်းဝင်လျက် မိတ်ဖွဲ့ ခွင့်ကိုရ၏ ။
လူအာဒံသည်တဦးတည်းထဲနေရသည်ကို ဘုရားသခင်သိမြင်
၍ လူသည်တစ်ဦးတည်းမနေကောင်း သူနှင့် တော်
လျော်သော အထောက်အမကို လုပ်ဦးမည်ဟု ။
သို့ သော် အာဒံသည် သတ္တဝါတို့ ၏ အထီး
အမ အစုံအလိုက်ရှိသည်ကိုမြင်သောအခါ
သူ၌ အထောက်အမ မရှိသေး သည်ကို
သိလေ၏ ။
ထိုသို့ ဘုရားသခင်သည် နောက်
ထပ် ဖန်ဆင်းမှု ပြုလုပ်ရန် ကြံ
စည်တော်မူ၏ ။
ဘုရားသခင်သည် လူကိုကြီးစွာအိ
ပ်စေတော်မူလျက် လူ၏ နံရိုးတချော
င်းကို ထုတ်ယူတော်မူပြီးလျှင် -
ထို နံရိုးအားဖြင့် ပထမဆုံးေ
သာလူမိန်းမကို ဖန်ဆင်းတော်
မူ၏ ။


ထို့ နောက် လူမိန်းမကို လူယော
ကျ်ားထံ သို့ ခေါင်ခဲ့ တော်မူ၏ ။
ထို လူမိန်းမသည် လူယော
ကျ်ားအဖို့ အထောက်အမ
ကောင်း ဖြစ်လေ၏ ။
လူအာဒံသည် လှပေ
သာလူမိန်းမကို တွေ့ ေ
သာအခါ " ဧ ဝ " ဟု သမှ
တ်လေ၏ ။


ဘုရားသခင်သည် လူမိန်းမကိုခေါင်ခဲ့ ပြီးလျှင် ဘုရားသခင်
ကိုယ်တိုင် ပထမဦးဆုံးသော ထိမ်းမြားလက်ထပ်ခြင်းကို ပြုလု
ပ်ပေးတော်မူလေသည် ။
အာဒံသည် ဘုရားသခင် ဖန်ဆင်းပေးသော လူမိန်းမ
ဇနီး ဧဝ၌ အလွှန်အားရ နှစ်သက်လျက်နေ၏ ။


စာတန်သည် ၊ ကောင်းကင်မှနှင်ချခံရသောကောင်းကင်တမန်အများထဲမှတပါးဖြစ်၍ ဘုရားသခင်၏ အကြံအစည်တို့ ကိုဖျက်ဆီးခြင်းငှါ ရှာကြံလျက်ရှိ၏ ။
ထိုစာတန်သည် အလွန်ကောင်းမွန်သောဘုရားသခင်၏ လုပ်ဆောင်မှု တို့ကို ဖျက်ဆီးရန် အလျင်းသင့်သောအခွင့်အခါကို အမြဲစောင့်ကြည့်နေလသည် ။
ထိုကြောင့် သူသည် ဥယာဉ်တော်၌ မြွေထဲသို့ ဝင်၍ ဧဝကိုစကားပြော၏။
ရှေးဦးစွာ စာတန်သည် ဘုရားသခင်မှာထားသောစကားကို မေးမြန်းလျက် ပရိယာယ်ပြုလျက်ကြိုးစားလေ၏။
ထိုအပင်ကအသီးကို မစားနှင့် လို့ ဘုရားသခင်က တကယ်ပဲမှာထားလို့ လား. .. . ?။
ဧဝ သည်သတိရ၍ သူတို့ အား ဘုရားသခင်မိန့် မှာထားသောစကားကို ပြန်ပြောလေ၏ ။
ဥယာဉ်ထဲကအသီးတွေကို စားလို့ ရပါတယ်၊ ဒါပေမယ့် ဥယာဉ်အလည်ကအပင်ရဲ့ အသီးကိုကား မထိနဲ့ မစားနှင့် စားလျှင် သေ မယ် လို့ မှာထားတယ်လေ..


ထိုနောက် စာတန်မာရ်နတ်သည် မုသာ လိမ်ညာ စကားကို သုံး၍ လှည့်စားလေ၏ ။
သင်တို့ သေမှာ မဟုတ်ဘူး..
သင်တို့ စားသောအခါ သင်တို့ ဟာ ဉာဏ်မျက်စိပွင့် လျက်အဆိုးအကောင်းကို ပိုင်းခြားနိုင်၍ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလိမ့် မည်ဆိုတာကို ဘုရားသခင်သိနေတယ်..
ထို အသီးသည်စားချင်စဖွယ်ဖြစ်၍ အဆင်းလည်း လှပနေ တယ်
ခူးစားရင်ငါ ပညာ တိုးပွားမှာပဲ ..
ကြည့် စမ်း – ငါမသေဘူးပဲ . . . သင်လဲ စားပါ ပညာဉာဏ်တိုးပွားလိမ့်မယ် ..

ကမ္ဘာဦးကျမ်း ၃ း ၄ - ၆



ငါ ဘယ်လို လုပ်မိပါလိမ့် ?
အိုး . . ဒုက္ခပါပဲ
ထိုအခါ လူအာဒံ နှင့် ဧဝ တို့ သည် ဘုရားသခင်၏ ရွေပညတ်တော်ကိုကျူးလွန် ချိုးဖောက်မိ၍ ပထမဦးဆုံး ရှက်ကြောက်ဖွယ်ဖြစ်ခြင်းတို့ ကိုခံစားကြရ၏။
ငါ အရင်က ဒါမျိုးတခါမှ မခံစားဖူးပါဘူး ----
ငါ ဟာသစ်ညမ်းသောသူဖြစ်တယ် ငါရှက် တယ် ...
အာဒံနှင့် ဧဝ တို့ သည် သဘောသဖန်းပင်တပင်ကိုတွေ့ သော် အရွက်ကိုခူး ၍ ချုပ်ဝတ်လျက် မိမိတို့ အရှက်ကို ဖုံးအုပ်စေခြင်းငှါပြုကြ၏ ။
နေအေးသောအချိန့်၌ ဒေင်ဥယာဉ်သို့ ဘုရားသခင်ကြွလာတော်မူသောအသံကို ကြားသောအခါ သူတို့ သည် ပြေးလျက်ပုန်း ရှောင်၍နေကြ၏။



သင်ဘယ်မှာလဲ ... ?
ကိုယ်တော့်ရဲ့ အသံကို ကျွန်ုပ်ကြားပါ၏ ၊ ကျွန်ုပ်သည် အဝတ်မရှိသောကြောင့် ရှက်ကြောက်၍ ပုန်းလျက်နေပါ၏ ။
'သင့္ ႔အဝတ္ မ ရွိဘူးလို ့ ဘယ္ သူေစဟာလဲ ..?
မစားပါနဲ့လို့ငါမှာထားသောအသီးကိုစားလိုက်ပြီးလား .?
ကိုယ်တော်ကျွန်ုပ်ကိုဖန်ဆင်းပေးထားသောမိန်းမသည် ထိုအပင်ကအသီးကိုယူ၍ ကျွန်ုပ်ကိုကျွေးသောကြောင့် စားမိပါပြီ ..။
သင်ဘယ်လိုလုပ်လိုက်တာလဲ ..?
ထိုအသီးသို့စားလျှင်မသေ ဘုရားသခင်ကဲ့သို့ ဖြစ်မည်ဟု မြွေသည်ကျွန်ုပ်ကို လှည့်စား၍ပြောဆိုသောကြောင့် စားမိပါပြီ ..
သူသည်ကျွန်ုပ်ကို လိမ်ညာလှည့်စားပါ၏. .
သင်သည်ထိုအမှုကို ပြုသောကြောင့် သတ္တဝါအပေါင်းတို့ ထက်ကြိမ်ခြင်းကို ခံလျက်ရှိ၏ ။ သင်သည် ဝမ်းဖြင့်သွား၍ အသက်ရှင်သမျှကာလပါတ်လုံး မြေမှုန့် ကို စားရမည် ။
သင်၏ မျိုးနွယ်နှင့် မိန်းမ၏ မျိုးနွယ်တို့ကြားတွင် ငါသည် ရန်ငြိုးဖွဲ့ စေမည်။
သူသည် သင်၏ခေါင်းကိုကြိတ်လိမ့် မည် သင်သည်သူ၏ဖနှောင့်ကို ကိုက်လိမ့်မည် ။
သင်နှင့် မိန်းမကိုယ် ငါသည်ရန်ငြိုးဖွဲ့ စေမည် ။
မာရ်နတ်နှင့်သူ၏တမန်တို့ အားလုံးကို ဘုရားသခင် ဖျက်ဆီးနိုင်သည်သို့သော်လည်း ဘုရားသခင်ကို ဘယ်သူ ဆည်းကပ်မည်နည်း ! စာတန်ကို ဘယ်သူ ဆည်းကပ်မည်နည်း ဟု လူသားတို့ ကိုစမ်းသပ်ဖို့ရန် ပုန်ကန်သောမာရ်နတ်နှင့် သူ၏တမန်တို့ ကို မဖျက်ဆီးပဲ ချန်ထားလေ၏ ။
ဤအရာတွင် နောင်အခါ၌ မိန်းမ၏မျိုးနွယ်အားဖြင့် စာတန်ရှုံးနိမ့်ရမည့် အကြောင်းနှင့် လူကိုကယ်မခြင်းတည်းဟူသော သေခြင်းအပြစ် ထဲမှ ရွေးနုတ်တော်မူမည်ဟု ဘုရားသခင်ဂတိစကားမှာထား၏ ။။





ကမ္ဘာဦးက်မ္း ၃ း ၁၆ - ၂၂


ထို့ကြောင့် ထာဝရဘုရားသခင်သည် သူတို့ကို ဒေင်ဥယာဉ်ထဲမှ နှင်ထုတ်တော်မူ၏။
ဘုရားသခင်သည် လူသားတို့ ကို အပြစ်နှင့်ထဲမှာထာဝရအသက်ရှင်နေဖို့ အလိုတော်မရှိပါ ။
လူတို့ ကို ဥယာဉ်တော်မှ နှင်ထုတ်ပြီးသော် အသက်ပင်ကို စောင့်ရှောက်စေခြင်းငှါ (လောင်မီး ဓား) မီးစက် လက်နက်ကိုင်သောကောင်းကင်တမန်ကိုခန့် ထားတော်မူ၏။


ဘုရားသခင်၏စကားကိုနားမထောင်ခြ
င်းကြောင့် အဦးဆုံးသော ဒုက္ခဝေဒနာ
များစွာတို့ ကိုခံကြရလေ၏။
ကမတဦးကျမ်း ၃ း ၂၃ - ၂၄


သူတို့ နေထိုင်သောအိမ်သစ်လေးသည်လည်း ဒေဒင်ဥယာဉ် နှင့်အဝေးကြီးမှာ ရှိနေခဲ့ကြရလေသည် အာဒံ နှင့် ဧဝ တိုသည် အတူနေ၍ ပထမဆုံးသော သားယောက်ျား ကာဣန ကိုရလေသည် ။


ထို့ နောက်တွင် ဒုတိယသား အာဗေလ ကို ရပြန်လေသည် ။
နောက်ပိုင်းတွင် အခြားသော သားသမီးများတို့ ကိုလည်းရကြ၍ ကိုယ်ပိုင်မိသားစုအဖြစ် တိုးပွားလေသည်။


အာဒံ နှင့် ဧဝ တို့ သည်ဘုရားသခင်ဖန်ဆင်းသော ပထမဆုံး သောမျိုးဆက်ဖြစ်၍ သက်တမ်းရှည်လျက် နှစ်ပေါင်းရာချီလျက် အသက်ရှင်ကြရလေသည် ။
အစအဦးကာလတွင် ၊ မိသားစုကြီးတဖြစ်အတူနေကြ၍ အချင်းချင်းထိမ်းမြား လျက်နေကြ၏ ထိုကနဦးကာလတွင်မျိုးရိုးဗီဇ ထိခိုက်ပြောင်းလဲခြင်း သက်ရောက်မှု့ မရှိသေး ပေ။
(နောက်ပိုင်းတွင် မောရှေအားဖြင့် ဘုရားသခင်သည် မျိုးနွယ်အမျိုး နီးစပ်သူချင်းလက်ထပ် ထိမ်းမြားခြင်းကို တားမြစ်ခဲ့ လေသည် ။)
ရေလွှမ်းမိုးခြင်းမတိုင်မီကာလကပင် ကမ္ဘာ၏ကောင်းကင်ကို အထက်ရေများနာကြက်ကဲ့သို့ ဖြစ်သော ခရမ်းလွန်ရောင်ခြည်ဖြင့်လွှမ်းခြုံထားသော ကြောင့် ကမ္ဘာ့ ဝန်းကျင်သည် ပိုမိုကောင်းမွန်လျက်ရှိ၏။
သူတို့ မျိုးရိုးဗီဇတို့ သည်တစုတစည်းထဲရှိသောကြောင့် သက်တမ်းရှည်လျက် လျှင်မြန်စွာတိုးပွား များပြားကြ၏ ။


ကာဣန နှင် အာဗေလ တို့ သည်ကြီးပြင်းကြ၏ ကာဣနသည်မြေ၌ စိုက်ပျိုးသောအလုပ်ကိုပြင်ဆင်၏ ။
သားအငယ်ဖြစ်သူအာဗေလ မူကား ဖွဲလုံးလရှိသောသူဖြစ်၍ အလုပ်ကြိုးစားသောသူဖြစ်၏ ။
ဘုရားသခင်သည် လူလင်မယားတို့နှင့် သားတို့ အား အပြစ်ဖြေရာယဇ်ကို ဘယ်လို ပူဇော်ရမည်အကြောင်းသေချာစွာမိန့် မှာထား၏။
လယ်လုပ်သောသူနှင့် သိုးထိန်းလုပ်သောသူတို့ သည် ကောင်းမွန်တင့်တယ်ခြင်းရှိကြ၏ ။ ကာဣန နှင့် အာဗေလ .. သူတို့ သည် ဘုရားသခင်အား ယဇ်ပူဇော်ခြင်းငှါ အသီးသီးယူဆောင်လာကြ၏ ။
အာဗေလ သည် သူ၏ သိုးစုထဲမှ အဦးဖွားသောယဇ်ကောင်ကို ယူဆောင်လာလျက်အကောင်းဆုံးသောယဇ်ကို စိတ်နလုံးသားဖြင့် ပူဇော်၏။
ထိုသို့ ဘုရားသခင်သူတို့ အားမှာ ထားသည့် အတိုင်း ပူဇော်လေ၏ ။
ကာဣနသည် သူ၏အသီးအနှံများထဲမှသူပူဇော်လိုသောအသီးအနှံများအချို့ တို့ ကို ယူဆောင်လာလေ၏ ။
ဘုရားသခင်သည် အာဗေလ၏ပဇော်သက္ကာကိုနှစ်သက်လေ၏ ။ သို့ သော် ကာဣန၏ပူဇော်သက္ကာကိုကား မနှစ်သက်ပေ ။

ကမ္ဘာဦးကျမ်း ၄ း ၂ - ၄



ဘာကြောင့် သင်စိတ်ဆိုးသလဲ ?
အဘယ့်ကြောင့်မျက်နှာပျက်သနည်း ။?
သင်သည်ကောင်းမွန်စွာပြုလျှင် လက်မခံနိုင်စရာအကြောင်းမရှိသလော ? ..
သို့သော် သင်သည်ကောင်းမွန်စွာမပြုလျှင်အပြစ်သည် သင့်တံခါးနားထိအောင် မှီလိမ့်မည် ..
ငါသည်သင့်ကို ကောင်းမွန်စွာပြုစေလို၏ သို့သော် သင့်အလို ဆန္ဒအတိုင်းပြုနိုင်၏ ။
သို့သော်လည်းကာ ဣနသည် ဘုရားသခင်၏စကားကိုနားမထောင် ။
ညီလေး .., ဘုရားသခင်က ငါ့လယ်ယာမှာအသစ်သောသီးနှံတွေကို ကောင်းကြီးပေးတယ် ; လာကြည့် ပါအုံး ။
ဒါပေမယ့် ညီလေး ´ ဒီမှာ
ခွပ်


သို့သော် ဘုရားသခင်ရှေ့တော်မှာ ဘယ် အရာမှကွယ်ဝှက်ထား၍ မရနိုင်ပေ ဘုရား သခင်သည် ကျွန်ုပ်တို့ လုပ်သမျှအားလုံးတို့ ကို သိမြင်တော်မူ၏ ။
ဘုရားသခင် သည် လာ၍ ကာဣန အားမေးတော်မူ၏ ။
သင့် ညီ အာဗေလ ဘယ်မှာလဲ ?
ကျွန်ုပ် ဘယ်သိမလဲ , ကျွန်ုပ်က ညီကိုစောင့်ရှောက်သောသူမှ မဟုတ်တာ..
သင်ဘာ လုပ်ခဲ့ သနည်း ?
သင်နားထောင်လော့ သင့် ညီ၏အသွေး သည် မြေကြီးထဲမှ ငါ့ကိုဟစ်ခေါ် လျက်ရှိ၏
ယခုသင်သည်ကျိမ်ခြင်းကိုခံလျက်မြေပေါ် မှနှင်ထုတ်ခြင်းကိုခံလျက်ရှိ၏ သင့်လက်ဖြင့်သွန်းသော သင့်ညီ၏အသွေးကို ခံခြင်းငှါ မိမိပါးစပ်ကိုဖွင့်သော မြေကြီး၏ကျိမ်ခြင်းကို သင်ခံရလျက်ရှိ၏
ယခုမှစ၍. မြေ၌လုပ်သောအခါလုပ်သလောက် မခံစားရ..
ကာဣနသည် စိုက်ပျိုးရေးလုပ်သောသူဖြစ်၍ ယခု အခါတွင် အရပ်ရပ်လှည့် လည်ရသောသူဖြစ်၏.
.ကျွန်ုပ်၏ကျိမ်ခြင်းသည် မဖြေနိုင်အောင် ကြီးလှ၏ , ကိုယ်တော်သည် မြေပေါ် မှကျွန်ုပ်ကို နှင်ထုတ်တော်မူပြီ မျက်နှာတော်ကိုလဲမဖူးမြင်ရ ..
...ကျွန်ုပ်သည် နားခိုရာကိုလိမရမြေကြီးပေါ် မှာအရပ်ရပ်လှည့်လည်ရသောသူဖြစ်ရပါပြီ . ကျွန်ုပ်ကိုတွေ့သောသူတို့ သည် ကျွန်ုပ်ကို သတ်ကြပါလိမ့် မည် ။
ထိုသို့ မဖြစ်ရ , သင့်ကို သတ်သောသူသည် ခုနစ်ဆ မကသောပြစ်ဒါဏ်ကို ခံရလိမ့် မည် ။
ထို့နောက် ကာဣန သည်ဘုရားသခင်ရှေ့တော်မှထွက်သွား၍ ဒေင် အရပ်အရှေ့ဖက်တွင်နေလေ၏ ။

ကမ္ဘာဦးကျမ်း ၄ း ၉ - ၁၆




ကမ္ဘာဦးကျမ်း ၄း ၁၇ -၂၂ ၊ ၅ း ၂၄


ဘုရားသခင်သည် အာဒံ နှင့် ဧဝ အား အခြားသောသား
ကိုပေးလေ၏ - အသတ်ခံရသော အာဗေလ အစားထိုသား
ကိုရ၍ ရှေသ အမည်ဖြင့်မှည့်လေ၏ ။
ရှေသ၏ မျိုးဆက်အားဖြင့် တစ်နေ့
သောအခါကယ်တင်ရှင်မေရှိယကြွလာ
မည့်အကြောင်းကို ဘုရားသခင် ဂ
တိတော်ထားလေ၏ ။
ထိုသို့ ပထမမျိုးဆက် တို့ ၏ ယဉ်ကျေးမှု့ အုပ်စု
များ၏ ဓလေ့ တို့ သည် စတင်ထွန်းကား တိုးပွား
လာကြလေသည် ။
သို့ သော်လည်း လူတို့ သည်တိုးပွား
လာကြသကဲ့ သို့ လူတို့ အပြစ်များ
သည်လည်း များပြားလာကြလေသည်။
အချို့ သောသူတို့ ကို ဘုရားသခင်သည် ဂရုဏာတော်
အားဖြင့် ခေါ်ထုတ်၍ မျော်လင့်ခြင်း မိထထယဉ်၌တည်ဧ
စတော်မူ၏ ။


သို့သော်လည်းလူအတိုင်းအဝိုင်းအဖွဲ့ အစည်းတို့ သည် အကြမ်းဖက်ရိုင်းစိုင်းလာကြပြီး လူ့ အကျင့်စာရိတ္တတို့ သည် ယိုယွင်းပြက်စီးလာကြလေသည်။
လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တွေးခေါ်မှု့ တွေအားဖြင့် လက်နက်ကရိယာတို့ ကိုလုပ်လျက် တိုက်ခြင်း သတ်ခြင်းအလို့ ငှါပြင်ဆင်ကြလေ၏။
သူတို့ တွေးခေါ် သမျှစိတ်နလုံးယိုယွင်း ကြလျက်အပြစ်နှင့် ပြည့်ကြ၍ မည်သူမျှဖြောင့်မှတ်စွာ အသက်မရှင်ကြ။
လူတို့ သည် လူအချင်းချင်း ကြီးနိုင် ငယ်ညှင်း ကျွန်ပြုခိုင်းစေသမှု့ ပြုကြ၏။
အာဒံသည်အပြစ်တစ်ခုကို သာကျူးလွန်၏ သူ၏ သား မြေးတို့ မှုကားများစွာသောအပြစ်တို့ ကို ကျူးလွန်ကြလေ၏။
ထာဝရအရှင် ဘုရားသခင်သည် မြေကြီးပေါ်မှာ လူကိုဖန်ဆင်းမိသောကြောင့် ဝမ်းနည်းခြင်းရှိတော်မူ ၍ စိတ်နလုံးနာကျင်ခြင်းများကို ခံစားရလေ၏ ။
မြေကြီးပေါ်မှာလူတို့ သည်တို့၏ ပြစ်မှားလျက်ဒုစရိုက်အပြစ်တို့ ကို ကျူးလွန်ကြသောကြောင့် သန့်ရှင်းတော်မူသော ထာဝရဘုရားသခင်သည် အလွန် ဝမ်းနည်းခြင်းရှိ၏ ။
ထာဝရဘုရားသခင်သည် မြေမျက်နှာပြင်ပေါ်မှလူသားတို့ နှင့် တိရိစ္ဆာန်အပေါင်းတို့ ကို အတူတကွ ဖယ်ရှားပစ်ရန် ကြံစည်တော်မူ။
သို့သော် , ဘုရားသခင်သည် မိမိစိတ်တော်နှင့်တွေ့ သောသူတစ်ယောက်ကို မြင်တော်မူ၏ ။